# လူပျိုအပျိုဖတ်စာ

အကြည်တော်

## လူပျို အပျိုဖတ်စာ
## အကြည်တော်
## မှဒိတာစကား

အမှန်ပြောရရင်တော့ ချစ်သူရည်းစားထားရင်း အိမ်ထောင်တွေ ဘာတွေ ပြုတဲ့အခါ၊ သိသင့် သိထိုက်တာလေးတွေ ကြိုသိထားနိုင်အောင် သတိပေးစာလေး ရေးချင်တာပါပဲ။

ဒါပေမဲ့ ဒီခေတ်မှာ ကိုယ့်ထက်တတ်နေကြတဲ့သူတွေ များနေတော့ ပြောရတာ ခပ်ခက်ခက်ပဲ။

ခုခေတ်တော့ လူကြည့်တော့ လက်တောက်လောက်လေး၊ လက်တောက်ကြည့်တော့ မုန့်လက်ဆောင်းဖတ်လောက်၊ အတွေ့အကြုံကျတော့ ဆရာကြီး ဖြစ်နေသူလည်း ဒုနဲ့ဒေးပါပဲ။

ငယ်ငယ်ရွယ်ရွယ်နဲ့ ချစ်သူရည်းစားထားကြ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ လက်ထပ်ကြ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ အသည်းကွဲကြ၊ ကွဲကြ၊ ပြဲကြ။ အချစ်ကိစ္စနဲ့ မခံမရပ်နိုင်ကြတဲ့အခါ ဓားနဲ့ထိုးကြ၊ ကတ်ကြေးနဲ့ထိုးကြ။

ကိုယ့်ကျ ကလိတောင်ထိုးမယ့်သူ မရှိဘူး။

ကိုယ့်မှာ အပြောအဆို ခံနေရတာ။

"ဘာလဲ လူ့လောကကို သေးပေါက်ဖို့ပဲ ရောက်လာတာလား"တဲ့။

ကိုယ့်မှာလည်း သေးပေါက်ဖို့လောက် သတိရတာ။

ဒါပေမဲ့ မြင်ခဲ့ရ၊ ကြားခဲ့ရ၊ မှတ်သားခဲ့ရ တာလေးတွေကို ဆောင်ရန်

ရှောင်ရန်အနေနဲ့ အသိပေးချင်လို့ ဒီစာကို ရေးသားလိုက်ရပါတယ်။

အချစ်ကိစ္စ၊ အိမ်ထောင်မှုကိစ္စဆိုတာ လွယ်လှတာ မဟုတ်ပါဘူး။ သူစိမ်းနှစ်ယောက်က ဘဝတစ်ခုအဖြစ် ပေါင်းစည်းကြတာကိုး။ ဘယ်လောက်ပဲ တစ်ယောက်ကိုတစ်ယောက် နားလည်တယ်ပြောပြော သူစိမ်းတွေလေ။ ဘယ်လိုမှ အတွင်းကျကျ မသိနိုင်ဘူး။ တချို့က ဖြူချင်ယောင် ဆောင်ထားမယ်၊ အတွင်းမှာတော့ အမည်းတွေ။ တချို့ကလည်း မည်းတယ်ထင်ရပေမဲ့ အတွင်းစိတ်က အဖြူ။ ဒီလိုလူမျိုးတွေ များတဲ့အခါ အချစ်ဆိုတာလည်း ပိုပြီး ပွေလီလာ ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်ကတော့ မိဘမသိအောင် ရည်းစားထားတဲ့ ခေတ်ဆိုတော့ သိပ်မရှုပ်ထွေးသေးဘူး။ အခုကျတော့ ...

"ရည်းစားမသိအောင် ရည်းစားထားရတဲ့ခေတ်"

လူဦးရေ ပိုများလာတာနဲ့အမျှ အချစ်တွေလည်း ပိုမိုများပြားလာပါတယ်။ ပိုပြီးတော့လည်း ခန့်မှန်းရ ခက်လာပါတယ်။ ဒ့ါအပြင် facebook လို နေရာမျိုးကနေ အပြင်မှာ လူချင်းမတွေ့ဖူးဘဲ ချစ်သူတွေ ဖြစ်နေကြတာဆိုတော့ ပိုပြီး လိမ်ညာရတာ လွယ်ကူနေပါတယ်။

ဒါကြောင့်လည်း ကျွန်တော့်အနေနဲ့ သိသမျှ မှတ်သားသမျှ အတော်များများကို မှတ်မိသလောက် ရည်းစားမရခင်နဲ့ အိမ်ထောင်မပြုခင် ဆင်ခြင်နိုင်အောင် တင်ဆက်လိုက်ရပါတယ်။

ကဲ ... စလိုက်ကြရအောင်။

***

အမြဲတမ်း စစ်ပွဲစတင်တယ်။

အမြဲတမ်း လက်နက်ချတယ်။

အမြဲတမ်း စစ်ပြေငြိမ်းတယ်။

အမြဲတမ်း ချစ်ကြည်ရေး ကတိတွေပေးတယ်။

အမြဲတမ်း စစ်ပွဲပြန်လည် စတင်တယ်။

အမြဲတမ်း လက်နက်ပြန်ချတယ်။

အမြဲတမ်း ...

အမြဲတမ်း ...

အမြဲတမ်း ...

သမီးရည်းစားတွေပါ။

အချစ်စိတ်ဆိုတာ ကမ္ဘာဦးထဲက စတင်ခဲ့တဲ့ ...

"ပကတိ မကောင်းမှု အသိဉာဏ်"

ဖန်ဆင်းရှင်က အာဒံနဲ့ဧဝကို ဖန်ဆင်းပြီး ဒေင်ဥယျာဉ်ကြီးမှာထား၊ မနေနိုင် မထိုင်နိုင် ပန်းသီးစားရာက ဒီပြဿနာ စတော့တာပါပဲ။

အဲဒီကစပြီး အချစ်ဆိုတာ စတင်ဖြစ်တည်၊ နောက်တော့ အိမ်ထောင်သည်ဘဝတွေ ဖြစ်လာတော့တာပါပဲ။

ကျွန်တော်သိသလောက် ပြောလိုက်ရင် အချစ်စိတ်ဆိုတာ မွေးဖွားလိုက်ကတည်းက ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတစ်ခုလို တွယ်ကပ်ပါလာတာပါပဲ။

ငယ်စဉ်ကတော့ မိဘမောင်နှမတွေကို ချစ်တယ်။ အရွယ်ရောက်လာတော့ ဆန့်ကျင်ဖက် လိင်တွေကို ချစ်တယ်။ ကြီးတော့ ကိုယ့်မိသားစုကို ကိုယ်ပြန်ချစ်ကြတယ်။

ဆိုပါတော့ ... တရားဓမ္မလည်း ချစ်ချင်ချစ်သွားမှာပေါ့။

အချစ်စိတ်ဆိုတာ တည်ရှိမြဲရှိနေတာမို့ အရောင်မပြောင်းလဲပါဘူး။ ဒါပေမဲ့ ချစ်တဲ့သူတွေသာ အရောင်ပြောင်းလဲ တတ်တာပါ။ ဘယ်လောက်

အရောင်ပြောင်း နိုင်သလဲဆိုရင် ...

"ကိုယ့်ကိုယ်ကိုယ် အင်မတန်မှကို အကောင်းမြင်တတ်ပြီး အင်မတန်မှကို စိတ်ရှည်သည်းခံနိုင်တယ် ထင်နေသလား"

"ရည်းစားထားကြည့်ပါ"

အဲဒီတော့မှ ကိုယ်ဘယ်လောက်ထိ သဝန်ကြောင်ပြီ၊ ဘယ်လောက်အထိ ရန်လိုပြီး၊ ဘယ်လောက်ထိ စိတ်ပုပ် စိတ်ယုတ်များလဲဆိုတာ ပေါ်လာပါလိမ့်မယ်။

"ကိုယ့်ကိုယ်ကိုယ်တောင် တွေးထင်မထားတဲ့ အတွင်းစိတ် အတော်များများ ထပ်ပြီးရှိနေသေးပါလား"

ဆိုတာ သိလာရပါလိမ့်မယ်။

ချစ်သူရည်းစား ထားလိုက်လို့ ဘဝကြီးတစ်ခုလုံး ပြောင်းလဲပြီး ကောင်းသွားတဲ့သူတွေ အများကြီးပါ။ ချစ်သူရည်းစားထားမှ ဆိုးသွမ်းခဲ့သူတွေလည်း မရေမတွက်နိုင်အောင် ရှိပါသေးတယ်။

အချစ်စိတ်ဆိုတာ လူတွေကို မထင်မှတ်လောက်အောင် တွန်းရွေ့နိုင်တဲ့ အရာမျိုးပါ။

ရည်းစားမထားဖူးသူဟာ ဆေးလိပ်မသောက်ဖူး သူလိုပါပဲ။ ခန္ဓာကိုယ်ရဲ့ လိုအပ်ချက်၊ ခံတွင်းချဉ်တတ်မှန်း မသိသေးလို့ပါ။ အကျိုးသက်ရောက်မှုကတော့ အတူတူပါပဲ။

ချစ်သူရည်းစားထားခြင်းဟာ ရံဖန်ရံခါ၌ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်ပျက်စီး စေနိုင်ပါတယ်။

***

ကျွန်တော်တို့အားလုံးဟာ ကလေးဘဝကနေ ကျော်လွန်လာကြတာဆို

တော့ မေးခွန်းပေါင်းများစွာ ဖြေဖူးကြမှာပါ။ မေးခွန်းတွေမှာ အဖြေရှိပါတယ်။ ပိုပြီးထူးဆန်းတာက တူညီတဲ့ အဖြေတွေပဲ ဖြစ်ပါတယ်။

တူညီတဲ့အဖြေ မဟုတ်ရင်တော့ အဲဒီလူ မှားပြီဆိုတာ သေချာပါတယ်။

စာမေးပွဲတွေလည်း ဖြေခဲ့ဖူးပါတယ်။ စာသင်ခန်းထဲမှာ အယောက်ခုနစ်ဆယ် ရှိရင်တောင် တူညီတဲ့ မေးခွန်းကိုပဲ ပေးပါတယ်။ အားလုံးဟာ တူညီတဲ့အဖြေကိုပဲ ဖြေကြရပါတယ်။ အဲဒီထဲမှာမှ ကိုယ့်ရဲ့အဖြေက အများနဲ့ မတူဘူးဆိုရင် ကိုယ်မှားပြီဆိုတာ သေချာပါပြီ။ ဘာကြောင့်လဲဆိုတော့ တူညီတဲ့ မေးခွန်းမှာ တူညီတဲ့ အဖြေပဲ ထွက်ပါတယ်။

၂+၂ = ၄

ဒါကမှ ကိုယ်က (၃)ဖြစ်စေ၊ (၂)ဖြစ်စေ၊ (၁)ဖြစ်စေ၊ (၅)ဖြစ်စေ ဖြေလိုက်ရင် အဖြေက မှားပါပြီ။ ၂ နဲ့ ၂ ပေါင်းရင် ဘယ်လောက်ရသလဲ။

"အဖြေက (၃) ပါပဲ။"

"ဒါဟာ ... ငြင်းမရတဲ့ အဖြေပါပဲ"

ဒါပေမဲ့ မေးခွန်းကတူပြီး အဖြေမျိုးစုံလည်း ထွက်တယ်။ ဒါပေမဲ့ အဲဒီအဖြေအားလုံးဟာ ဖြေဆိုသူအားလုံးရဲ့ အဖြေမှန် ဖြစ်နေတယ် ဆိုရင်ရော။

ဒါဟာ ဘယ်လိုမေးခွန်းမျိုးလဲ။ မေးခွန်းက လွယ်ပါတယ်။

"အချစ်ဆိုတာ ဘာလဲ"

မေးခွန်းက ရိုးရိုးကလေးပါပဲ။

ကဲ ... ကိုယ်ကိုယ်တိုင်လည်း ဖြေကြည့်ကြပါဦး။

တချို့ကလည်း "အချစ်ဆိုတာ ရယူခြင်း"လို့ ဆိုကြတယ်။

တချို့ကလည်း "ပေးဆပ်ခြင်း"

တချို့ကလည်း "သိမ်မွေ့နူးညံ့သော"

တချို့ကလည်း "ခက်ထန်ကြမ်းတမ်းသော"

တချို့ကလည်း ...

"အဆိပ်"

"ရက်စက်တတ်ခြင်း"

"ဖောက်လွဲဖောက်ပြန်ကောင်"

"အင်အားတစ်ခု"

"ကျွန်ဖြစ်ခြင်း"

စသည် စသည်ဖြင့် မေးခွန်းတစ်ခုတည်းကို အဖြေမျိုးစုံ ထွက်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒီအဖြေတိုင်းဟာ မှန်ပါတယ်။ ဘာကြောင့်လဲ။

"အချစ်ဆိုတာ ဗလာစာရွက် အဖြူတစ်ရွက်ပဲ ဖြစ်ပါတယ်။ စာရွက်ပေါ်မှာ အဲဒီမေးခွန်းကို ဖြေလိုက်တဲ့ အဖြေတိုင်းဟာ ကိုယ်လိုချင်တဲ့ အချစ်ဖြစ်တဲ့ အတွက် ဘာပဲရေးရေး မှန်ပါတယ်"

ပြောပြပါ့မယ်။

အချစ်ဆိုတာ ဘာမှရေးသားထားခြင်း မရှိတဲ့ အဖြူထည် ဗလာစာရွက် အလွတ်တစ်ရွက်ပါပဲ။ လူတိုင်းမှာ ကိုယ်စီရှိတဲ့ ဗလာစာရွက် အဖြူလေးပါပဲ။ ဒါပေမဲ့ တစ်စုံတစ်ယောက်နဲ့ တွေ့တဲ့အခါ ကိုယ့်ရဲ့ ဗလာစာရွက်ပေါ်မှာ ကိုယ်တိုင်စာကြောင်းလေး ချရေးလိုက်တော့တာပါပဲ။ အဲဒီချရေးလိုက်တဲ့ စာကြောင်းဟာ "အချစ်ဆိုတာ ဘာလဲ" မေးခွန်းရဲ့ အဖြေမှန်ပဲ ဖြစ်ပါတယ်။

ရယူပိုင်ဆိုင်လိုစိတ် ရှိတဲ့သူကတော့ "အချစ်ဟာ ရယူပိုင်ဆိုင်ခြင်း" လို့ ရေးပါလိမ့်မယ်။ ပေးဆပ်နေရသူ အတွက်ကတော့ "ပေးဆပ်ခြင်း" ဖြစ်ပါလိမ့်မယ်။ ဒါမှမဟုတ် "အချစ်ဆိုတာ ရောဂါ"လို့ ရေးတဲ့သူတောင် ရှိ

ကောင်း ရှိနိုင်ပါလိမ့်မယ်။

မှန်ပါတယ်။ ကိုယ်တွေ့ကြုံနေရတဲ့ အရာဟာ ကိုယ့်ရဲ့အချစ်ပါပဲ။

အချစ်ဟာ သိမ်မွေ့ခြင်းလည်း ဖြစ်နိုင်သလို၊ ရန်ဖြစ်ခြင်းလည်း ဖြစ်နေနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အချစ်ဆိုတာ ကိုယ်လိုချင်နေတဲ့ အရာနဲ့ ကိုယ်ကြုံတွေ့နေတဲ့အရာကို ဘာသာပြန်တတ်ကြတာကိုး။

အမှန်တော့ အချစ်ဆိုတာ အုတ်တစ်ချပ် သဲတစ်ပွင့်ဆိုရင် ကိုယ်ကိုယ်တိုင်လည်း ရင်ထဲ ဘုရားတည် ကိုးကွယ်ကြတာ။ ကိုယ်ကိုယ်တိုင်ပဲ အုတ်တံတိုင်းကာရံ၊ အတွင်းမှာ အကျဉ်းသားလို နေကြတာပါ။ ကိုယ်ကိုယ်တိုင်ပဲ လှေကားထစ်လုပ် အမြင့်ကို တက်လှမ်းကြတာပါ။ ကိုယ်ကိုယ်တိုင်ပဲ လက်ထဲမှာ ဆုပ်ကိုင်သူများကို ရန်ပြုသွေးထွက်သံယို ဖြစ်စေခဲ့တာပါ။

မှတ်ထားပါ။

အချစ်ဆိုတာ မွေးကတည်းက ပါလာတဲ့ ဗလာစာရွက် အဖြူတစ်ရွက် ဖြစ်ပါတယ်။ တစ်စုံတစ်ယောက်နဲ့ တွေ့တဲ့အခါ ကိုယ်လိုချင်တဲ့ အကြောင်းအရာကို အဲဒီဗလာစာရွက်ပေါ် ချရေးမိကြတော့တာပဲ။

ဘယ်သူကမှ ကိုယ့်ဗလာစာရွက်ပေါ် လာရေးသွားတာ မဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင်ပဲ ချရေးထားတာပါ။

ဒါကြောင့် အချစ်နဲ့ပတ်သက်ရင် မှတ်တမ်းကောင်း ရေးနိုင်အောင် ကြိုးစားပါ။

ဩော် … တချို့ဗလာစာရွက်တွေ ကျတော့လည်း ပြင်ရာဖျက်ရာ များသားကလား။

***